# သင့်ကိုယ်သင် ကာကွယ်ထားရန် သေချာပါစေ

ခြင်များသည် **ဂျပန် ဦးနှောက်ရောင် ရောဂါ (JEV)** ကဲ့သို့သော ရောဂါများကို ပျံ့နှံ့စေနိုင်သည်။
သင့်ကိုယ်သင် လွယ်ကူရိုးစင်းသော နည်းလမ်းများအရ ကာကွယ်ပါ။



ဝင်ပေါက်များနှင့် ပြတင်းပေါက်များတွင် ခြင်ဇကာများကို တပ်ဆင်ပါ



ရှည်လျား၍ ပွချောင်သော အဝတ်အစားများကို ဝတ်ဆင်ပါ



ထိရောက်မှုရှိသော ပိုးမွှားသတ်ဆေးများကို လိမ်းကျံပါ



ရေသေများကို သွန်ပစ်ပါ

Australian Government
Department of Health and Aged Care



JEV ရောဂါကူးစက်ခံထားရသူ အများစုသည် ပြင်းထန်သော ရောဂါလက္ခဏာများ မခံစားကြရသော်လည်း ဖြစ်တောင့်ဖြစ်ခဲ အခြေအနေများတွင်မူ ပြင်းထန်စွာ နာမကျန်းဖြစ်ကာ သေဆုံးမှု အထိပင် ဖြစ်ပွားနိုင်ပါသည်။

ရောဂါကူးစက်ခံရသူ အချို့မှာ ခြင်ကိုက်ခံရပြီးနောက် ၅ ရက်မှ ၁၅ ရက်အတွင်း အဖျားတက်၍ ခေါင်းကိုက်ကြသည်။ အခြားသူတို့မှာ ပြင်းထန်သော ရောဂါလက္ခဏာများဖြစ်ကြသည့် ဇက်ကြောတင်းခြင်း၊ မျက်စိလည် လမ်းပျောက်ဖြစ်ခြင်း၊ တုန်တုန် ယင်ယင်ဖြစ်ခြင်း၊ မေ့မြောခြင်း၊ (အထူးသဖြင့် ကလေးများတွင် ဖြစ်တတ်သည့်) အကြောဆွဲခြင်း တက်ခြင်း နှင့် ကိုယ်လက်အင်္ဂါ တုန့်ဆိုင်းသွားခြင်းတို့ဖြစ်နိုင်ပါသည်။

အကယ်၍ သင် သို့မဟုတ် သင်သိကျွမ်းသူတစ်ဦးဦးမှာ ရောဂါ လက္ခဏာများ ပေါ်ပေါက်နေပါက ဆေးကုသမှုကို ချက်ချင်း ခံယူပါ။

**health.gov.au/jev-translated-information**